# Myanmar Health Assistant Association
# Vacancy Announcement
# (VA-099/2026 MHAA-HR)

| | |
|---|---|
| **ရာထူးအမည်** | Field Agent (Daily Paid) |
| **အရေအတွက်** | **၁ ဦး** |
| **စီမံချက်အမည်** | Accelerating Access to TB Services through Community Empowerment (ACE-TB) Project |
| **ခန့်ထားမည့်ဒေသ** | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| **အစီရင်ခံရမည့်သူ** | Project Coordinator (စီမံချက်ညှိနှိုင်းရေးမှူး) |
| **ရာထူးအဆင့်** | A2 |
| **လျှောက်လွှာပိတ်ရက်** | **၆ ရက်နေ့ အောက်တိုဘာလ ၂၀၂၆ ခုနှစ်** |

**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (MHAA)** သည် ကျန်းမာရေးမှူးများနှင့် ဖွဲ့စည်းထားပြီး ကျန်းမာရေးဆိုင်ရာမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းများမှတဆင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီညီမျှသော အရည်အသွေးရှိသော ပြည်သူ့ကျန်းမာရေးပညာရှင်များ စုစည်းထားသော အမျိုးသားအသင်းအဖွဲ့ ဖြစ်သည်။ **MHAA** သည် ပြည်သူလူထု၏ ယုံကြည်မှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိသော စည်းလုံးညီညွတ်သည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ခု အဖြစ်ရပ်တည်သော အဖွဲ့အစည်းဖြစ်သည်။ **MHAA** သည် မြန်မာနိုင်ငံရှိ ကျန်းမာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်သည့် ရပ်ရွာလူထုများ၏ သုခချမ်းသာအတွက် ညှိနှိုင်းခြင်း၊ ထိရောက်ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများကို ပိုမိုခိုင်မာစေရန်နှင့် တိုးတက်စေရန် အာရုံစိုက်သည်။ **MHAA** သည် လက်ရှိမြန်မာနိုင်ငံ၏ (၉၄)မြို့နယ်ရှိ ရောဂါထိန်းချုပ်ရေး၊ RMNCH, NUTRITION, WASH, HSS နှင့် အရေးပေါ်တုန့်ပြန်မှုများနှင့်အတူ စီမံကိန်းအမျိုးမျိုးကို လုပ်ကိုင်နေပါသည်။ **MHAA** ၏ ရုံးချုပ်သည် ရန်ကုန်တွင်ရှိပြီး ရုံးခွဲများသည် ပြည်နယ်/တိုင်း၊ ခရိုင်/မြို့နယ် အဆင့်အားလုံးတွင် တည်ရှိသည်။ **MHAA** ၏ အဓိကတန်ဖိုးများမှာ - တာဝန်ယူမှု၊ ဂုဏ်သိက္ခာရှိမှု၊ ကိုယ်ကျင့်စာနာစိတ်ရှိမှု၊ လူသားဂုဏ် သိက္ခာအားလေးစားမှု၊ ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း စသည်တို့ဖြစ်သည်။ **MHAA** အကြောင်းကို ပိုမိုသိရှိလိုပါက www.myanmarhaa.org တွင် ကြည့်ရှုနိုင်ပါသည်။

**<u>Field Agent ၏ တာဝန်ဝတ္တရားများ</u>**

**ရာထူး၏ အဓိကရည်ရွယ်ချက်**

Field Agent သည် စီမံချက်နှင့် ပုဂ္ဂလိက ဆေးခန်း၊ ဆေးဆိုင် များ ပူးပေါင်းဆောင်ရွက်သော တီဘီရှာဖွေကုသရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ရှိပါသည်။ ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှု ပေးသူများ ဖြစ်သော GP ဆေးခန်း၊ ဆေးဆိုင်များနှင့် ရောဂါရှာဖွေရေးစင်တာ များနှင့် ပူးပေါင်းဆောင်ရွက်၍ တီဘီ ရောဂါရှာဖွေတွေ့ရှိမှုကို မြှင့်တင်ခြင်း၊ လူနာ ညွှန်းပို့မှုများကို တိုးမြှင့်လာစေခြင်းနှင့် စီမံချက်၏ဆေးခန်းများ နှင့် ချိတ်ဆက်မှုကို အားကောင်းစေရန် ကူညီလုပ်ဆောင်ရပါမည်။ ထို့အပြင် စီမံချက်သို့ လိုအပ်သော အချက်အလက်များကို မှန်ကန်စွာ တင်ပြနိုင်ရန်လည်း တာဝန်ရှိပါသည်။

**အဓိက တာဝန်များနှင့် လုပ်ငန်းများ**

- သတ်မှတ်ထားသော GP ဆေးခန်းများနှင့် ဆေးဆိုင်များတွင် လာရောက်သူတိုင်းကို TB လက္ခဏာရှိ/မရှိ စစ်ဆေးမေးမြန်းခြင်း ("Screen for All" TB screening) လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးခြင်း
- TB လူနာရှာဖွေတွေ့ရှိမှုနှင့် ညွှန်းပို့ခြင်းများကို မြှင့်တင်နိုင်ရန် GP ဆရာဝန်များနှင့် ဆေးဆိုင်များနှင့် ဆက်သွယ် ပူးပေါင်းခြင်း
- GP ဆေးခန်း များ၏ အလုပ်ချိန်နှင့် ကိုက်ညီစေရန် လိုအပ်ပါက မနက်စောစော သို့မဟုတ် ညနေအချိန် များ တွင် သွားရောက်တွေ့ဆုံခြင်း
- ပုဂ္ဂလိကဝန်ဆောင်မှုပေးသူများမှ တီဘီ သံသယရှိလူနာများကို ညွှန်းပို့နိုင်ရန် ချိတ်ဆက်မှုများကို အဆင်ပြေ စေရန် အချိန်ပြည့် ချိတ်ဆက်တိုးမြှင့် ဆောင်ရွက်ခြင်း
- လိုအပ်ပါက သလိပ်နမူနာ စုဆောင်းမှုတွင် ကူညီခြင်းနှင့် လူနာများကို စမ်းသပ်စစ်ဆေးရေး နေရာများသို့ သွားရောက်နိုင်ရန် ကူညီခြင်း
- ပုဂ္ဂလိက ဓာတ်မှတ်စင်တာ များနှင့် ဆက်သွယ်၍ ရလာဒ်များကို လိုက်လံစောင့်ကြည့်ခြင်းနှင့် ညွှန်းပို့စာရွက် များကို စုဆောင်းခြင်း
- တီဘီ အတည်ပြုလူနာများကို စီမံချက် နှင့် မြို့နယ်တီဘီဌာနများမှ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများ အတိုင်း မှန်ကန်စွာ တီဘီလူနာစာရင်းသွင်းမှု သေချာစေရန် ဆောင်ရွက်ခြင်း
- GP ဆေးခန်း သို့မဟုတ် ဆေးဆိုင်များမှ ညွှန်းပို့လာသော လူနာများ စီမံချက်ဆေးခန်း သို့ လာရောက် စစ်ဆေးခြင်း သို့မဟုတ် ကုသမှု စတင်နိုင်ရန် လာရောက်ခြင်းတို့ကို အမှန်တကယ်ရောက်ရှိစေရန် နှင့် အဆင်ပြေစွာ စီမံချက်၏ ဝန်ဆောင်မှုများ ရရှိနိုင်ရန် ကူညီပံ့ပိုးခြင်း
- စီမံချက်မှ ဆရာ/ ဆရာမ များနှင့် ပူးပေါင်း၍ လူနာများအတွက် အချိန်မီ ကုသမှု စတင်နိုင်ရန်နှင့် ကုသမှုကို ဆက်လက်လိုက်နာနိုင်ရန် ကူညီခြင်း
- လူနာများ၏ ကုသမှုကာလအတွင်း အချိန်မှန် ပြန်လည်ပြသစစ်ဆေးရေး နှင့် ဆေးသောက် မှန်ကန်စေရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ခြင်း



Myanmar Health Assistant Association (MHAA), TB Hospital Road, Aung San, Insein Township, Yangon, Myanmar.

- စီမံချက်၏ စံနှုန်းသတ်မှတ်ချက် များအတိုင်း လူနာအချက်အလက်များကို မှန်ကန်စွာ စုဆောင်း မှတ်တမ်း တင်ခြင်း
- လူနာအချက်အလက်များ၏ လျှို့ဝှက်စွာ ထိန်းသိမ်းခြင်းကို လေးစားလိုက်နာခြင်း
- စီမံချက်ညှိနှိုင်းရေးမှူး ထံသို့ လိုအပ်သော အစီအရင်ခံစာများကို အချိန်မီ တင်ပြခြင်း
- လစဉ် GP ဆေးခန်းများ၊ ဆေးဆိုင်များနှင့် ဓာတ်မှန်စင်တာများနှင့် ငွေစာရင်းရှမ်းတမ်းများ ပြုလုပ်ရာတွင် စီမံချက်ညှိနှိုင်းရေးမှူးကို ကူညီလုပ်ဆောင်ပေးခြင်း
- လစဉ်လုပ်ငန်းအစီအစဉ် (monthly work plan) နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများကို ပြင်ဆင်ညှိနှိုင်းခြင်း
- GP ဆေးခန်း၊ ဆေးဆိုင်များ၏ တည်နေရာများ ပြန်လည် စာရင်း ပြုစုလုပ်ရာတွင် စီမံချက် ညှိနှိုင်းရေးမှူး ကို ကူညီခြင်း
- စီမံချက် နှင့် ပတ်သက်သော အစည်းအဝေးများနှင့် သင်တန်းများတွင် ကူညီပါဝင်ခြင်း
- ကြီးကြပ်သူများမှ တာဝန်ပေးအပ်သော အခြား စီမံချက်နှင့်သက်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်း

**လိုအပ်သော အရည်အချင်းများ (Skills and Requirements)**

- ဘွဲ့ (Bachelor Degree) ရရှိထားသူများကို ဦးစားပေးမည် (အထက်တန်းအောင်မြင်ပြီး သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ ရှိသူများလည်း လျှောက်ထားနိုင်သည်)။
- ကွင်းဆင်းလုပ်ငန်း ၊ လူထုကျန်းမာရေးလုပ်ငန်း ၊ ပုဂ္ဂလိက ဆေးခန်း များနှင့် ချိတ်ဆက်သော လုပ်ငန်းများ သို့မဟုတ် တီဘီရောဂါစီမံချက် လုပ်ငန်းများတွင် အတွေ့အကြုံရှိသူများကို ဦးစားပေးမည်ဖြစ်သည်။
- စီမံချက် ဧရိယာအတွင်း ခရီးသွားကာ ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရမည်။
- GP ဆေးခန်းများ ၏ ဆေးခန်းဖွင့်ချိန်များအလိုက် လိုက်လျောညီထွေစွာ အလုပ်လုပ်နိုင်ရမည်။
- ဆက်သွယ်ပြောဆိုမှုကောင်းမွန်ပြီး လူမှုဆက်ဆံရေးကျွမ်းကျင်ရမည်။
- GP ဆေးခန်းများနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုပေးသူများ နှင့် ဆက်ဆံရေးကောင်းမွန်စွာ တည်ဆောက် နိုင်ရမည်။
- ညှိနှိုင်းဆောင်ရွက်နိုင်မှု၊ လိုက်နာဆောင်ရွက်နိုင်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု ကောင်းမွန်ရမည်။
- တီဘီညွှန်းပို့မှု လုပ်ငန်းစဉ် နှင့် တီဘီရောဂါရှာဖွေကုသမှုဆိုင်ရာ အခြေခံဗဟုသုတ ရှိပါက အားသာချက် ဖြစ်ပြီး သင်ယူလိုစိတ်ရှိရမည်။
- အချက်အလက်များ စုဆောင်းခြင်းနှင့် အစီရင်ခံစာ (Report) ပြုလုပ်ခြင်း ကို မှန်ကန်စွာ ဆောင်ရွက် နိုင်ရမည်။
- ပရော်ဖက်ရှင်နယ်ဆန်မှု (Professionalism) ရှိပြီး လူနာ၏ ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက် ထိန်းသိမ်းနိုင်ရမည်။
- ကွန်ပျူတာအခြေခံ အသုံးပြုတတ်ရမည်။

❖ စနစ်တကျ၊ မှန်ကန်စွာ လုပ်ကိုင်နိုင်ပြီး ဖိအားများသော အလုပ်ပတ်ဝန်းကျင်တွင် လုပ်ကိုင်နိုင်ရမည်။

❖ အဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်းများနှင့် တန်ဖိုးထားမှုများကို လေးစားလိုက်နာနိုင်ရမည်။

**လျှောက်လွှာညွှန်ကြားချက်များ**

စိတ်ပါဝင်စားသူများသည် ပူးတွဲပါ link မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်- Field_Agent_North Okkalapa_ACE-TB။ လျှောက်ထားရမည့် နောက်ဆုံးရက်မှာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ မြန်မာစံတော်ချိန်ညနေ ၅ နာရီ ဖြစ်သည်။

- **လျှောက်ထားသောနေရာကို မှန်ကန်စွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**
- **ရွေးချယ်ခံရသော လျှောက်လွှာရှင်များကိုသာ တွေ့ဆုံမေးမြန်းရန်အတွက် ဆက်သွယ်မည်ဖြစ်သည်။**
- **နောက်ဆုံးပေးပို့ရမည့် နေ့ရက်နှင့် အချိန်ထက် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

**MHAA** သည် တန်းတူညီမျှအခွင့်အရေးရရှိသော အဖွဲ့အစည်းဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အသက်၊ ကျား/မ၊ လိင်စိတ်တိမ်းညွတ်မှု၊ မသန်စွမ်းမှု စသည်တို့ခွဲခြားမှုမရှိဘဲ အရည်အချင်းပြည့်မီသော လျှောက်ထားသူအားလုံးထံမှ လျှောက်လွှာများကို ကျွန်ုပ်တို့မှ ကြိုဆိုပါသည်။ MHAA တွင် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ နှောက်ယှက်မှုနှင့် အလွဲသုံးစားပြုမှုကို (လုံးဝ) လက်မခံသော အဖွဲ့အစည်းဖြစ်ပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် MHAA ၏ကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်များကို ဝန်ထမ်းအားလုံးမှ လေးစားလိုက်နာရသော အဖွဲ့အစည်းဖြစ်သည်။